# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

## Income Restoration Program in Thilawa

### (၁၁)ကြိမ်မြောက်သီလဝါအထူးစီးပွားရေးဇုန်မှတာဝန်ရှိသူများနှင့် ဒေသခံကိုယ်စားလှယ်များတွေ့ဆုံမှု (TCC) အစည်းအဝေးအားကျင်းပခြင်း (၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်)



၂၀၂၀ခုနှစ်၊ဇန်နဝါရီလ၁၀ရက်နေ့တွင်(၁၁)ကြိမ်မြောက်သီလဝါအထူးစီးပွားရေးဇုန်မှတာဝန်ရှိသူများနှင့်ဒေသခံကိုယ်စားလှယ်များတွေ့ဆုံမှု(TCC)အစည်းအဝေးကိုMJTD၏အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ပါသည်။ထိုအစည်းအဝေးပွဲသို့MJTDမှတာဝန်ရှိလူကြီးများ၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊စီမံကိန်းကြောင့်ထိခိုက်ခံရသောကျေးရွာများမှဒေသခံကိုယ်စားလှယ်များ၊စီမံကိန်းကြောင့်ထိခိုက်သူများ၊ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့နှင့်သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့မှစုစုပေါင်း(၃၀)ဦးတက်ရောက်ခဲ့ကြပါသည်။အစည်းအဝေးပွဲကျင်းပ ရခြင်း၏အဓိကရည်ရွယ်ချက်များမှာသီလဝါအထူးစီးပွားရေးဇုန်မှအနီးအနားရှိပတ်ဝန်းကျင်ကျေးရွာများအတွက်ဆောင်ရွက်ပေးရန်စီစဉ်ထားသောဖွံ့ဖြိုးရေးဆိုင်ရာလူမှုရေးတာဝန်ယူမှုလုပ်ငန်းစဉ်များနှင့်ဆောင်ရွက်ပေးထားပြီးဖြစ်သောကိစ္စရပ်များအားပြန်လည်စစ်ဆေးသုံးသပ်ရန်၊ဒေသခံလူထုထံမှတောင်းဆိုချက်များနှင့်မကျေနပ်ချက် များအားသိရှိရန်တို့ဖြစ်သည်။ပထမဦးစွာMJTDအမှုဆောင်အရာရှိမှမိတ်ဆက်အမှာစကားပြောကြားပြီးဇုန်ဘီအကောင်အထည်ဖော်ဆောင်ရွက်မှုများ၊စက်ရုံများလည်ပတ်ခြင်းအခြေအနေများ၊အလုပ်ခန့်အပ်ထားမှုအခြေအနေများအပါအဝင်သီလဝါအထူးစီးပွားရေးဇုန်၏လက်ရှိဖြစ်ပေါ်နေသောသတင်းအချက်အလက်များကိုတက်ရောက်လာသူများအားဝေမျှခဲ့ပါသည်။ဆက်လက်၍လူထုဆက်ဆံရေးအရာရှိမှဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များအပေါ်ပြန်လည်သုံးသပ်မှုများပြုလုပ်ခဲ့ကြပြီးတက်ရောက်လာကြသောကျေးရွာကိုယ်စားလှယ်များမှတင်ပြမှုတစ်ခုချင်းဆီအ ပေါ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။အစည်းအဝေးတွင်ကျေးရွာလမ်းများတိုးချဲ့ပေးရန်၊စာသင်ကြားဆောင်များတိုးချဲ့စေလိုခြင်း၊အထူးစီးပွားရေးဇုန်ပတ်ဝန်းကျင်အနီးတဝိုက်ဘေးကင်းလုံခြုံစေရေးကိစ္စများ၊ကျေးရွာများအနီးစွန့်ပစ်အမှိုက်ပုံခြင်းနှင့်စီမံကိန်းကြောင့်ထိခိုက်သူများအပါအဝင်ဒေသခံများအားအထူးစီးပွားရေးဇုန်အတွင်းအလုပ်အကိုင်ပိုမိုရရှိစေရေးကိစ္စရပ်များကိုတင်ပြဆွေးနွေးခဲ့ကြပါသည်။

### 11th Thilawa Community Coordination (TCC) Meeting was held on 10th January 2020



10th Thilawa Community Coordination (TCC) meeting was held at Myanmar-Japan Thilawa Development Office (MJTD) on 10th January 2020. Total 30 participants; officers from MJTD, village administrators, representatives from project affected persons (PAPs) and project affected communities (PACs), Thilawa SEZ Management Committee (TSMC) and JICA Expert Team attended the meeting. The objectives of the meeting are to review the development activities for PACs that have been done and planning by MJTD, to know the requests and complaints from SEZ surrounding communities. Firstly, MJTD gave an opening remark and shared the updated SEZ information which includes the implementation of Zone B, operations of factories and employments inside the SEZ. Continuously, Community Relation Officer reviewed the summary of CSR activities with the participants. After that, the following issues; developing the village access roads, upgrading the school buildings, safety around the SEZ, wastes dumping near the villages and promoting the local (PAPs and PACs) employment number inside the SEZ were raised and discussed.

## ဒုတိယအကြိမ်မြောက် အခြေခံနှင့်အဆင့်မြင့် စက်ချုပ်သင်တန်း အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်း (၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၊ ၁၅ ရက်)



မူလဝင်ငွေပြန်လည်ရရှိရေး အစီအစဉ်တစ်ရပ်အနေဖြင့်ဇုန်(ဘီ)စီမံကိန်းကြောင့် ထိခိုက်သူများအား ၂၀၁၉ခုနှစ်နိုဝင်ဘာလ၁၄ရက်နေ့တွင်စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သောအခြေခံနှင့်အဆင့်မြင့်စက်ချုပ်သင်တန်းပြီးဆုံးခြင်းအခမ်းအနားကို ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၁၅ရက်နေ့တွင် မြိုင်သာယာမူကြိုကျောင်းတွင် ကျင်းပခဲ့ပါသည်။ ပထမဦးစွာ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး သင်တန်းတက်ရောက်ခဲ့ကြသော သင်တန်းသူများကိုသင်တန်းဆင်းလက်မှတ်များအားအသီးသီးပေးအပ်ခဲ့ပါသည်။ထို့နောက် သင်တန်းတက်ရောက်ပြီးသော စီမံကိန်းကြောင့်ထိခိုက်သူများကိုစက်ချုပ်ပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုကာဝင်ငွေရှာဖွေစေလိုသော ရည်ရွယ်ချက်ဖြင့်မော်တာအပ်ချုပ်စက်များအားအခမဲ့ငှားရမ်းပေးခဲ့ပါသည်။ထို့အပြင်သင်တန်းဆရာမနှင့်သင်တန်းသူများအား သီလဝါအထူးစီးပွားရေးဇုန် အတွင်းရှိ CUTE Myanmar ကုမ္ပဏီမှထုတ်လုပ်သောအရုပ်များကိုလည်း မေတ္တာလက်ဆောင်ပေးခဲ့ကြပါသည်။

## Closing and award ceremony of 2nd basic and advance tailoring training on 15th January 2020



2nd Basic and advance tailoring training started on 14th November 2019, provided as a part of income restoration program for Zone B PAPs is successfully finished on 15th January 2020 at Myaing Tharyar Kindergarten, Nyaung Wine Village Tract, Kyauktan. First of all, TSMC gave the opening speech and awarded the certificates for those trainees who are outstanding during the training period of basic and advance. Then, the motor sewing machines were rented to project affected people which intended to start the small scale business at the home for their income earnings. Moreover, the soft dolls made by CUTE Myanmar Co.,ltd from Thilawa SEZ were given as the presents to trainer and trainees.

## ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာတွင်အားနည်းသော မိသားစုများအားထောက်ပံ့ခြင်း (၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ၊ ၂၉ ရက်)





အားနည်းသောမိသားစုများအားထောက်ပံ့ခြင်းအစီအစဉ်ကိုဇုန်(ဘီ) ပြန်လည်နေရာချထားရေးနေရာ၌၂၀၂၀ခုနှစ်၊ဇန်နဝါရီလ(၂၉)ရက်နေ့တွင်ပြုလုပ်ခဲ့ပါသည်။အဆိုပါထောက်ပံ့ခြင်း၏ရည်ရွယ်ချက်မှာစီမံကိန်းကြောင့်ထိခိုက်သူများထဲမှ အားနည်းသော မိသားစုများဟု သတ်မှတ် ထားသော အကျုံးဝင် အိမ်ထောင်စု ၂၃စုမှ မိသားစုဝင် ၅၄ဦးတို့အားနိုင်ငံတကာစံနှုန်းများနှင့်အညီမူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်တစ်ရပ်အနေဖြင့်လစဉ်အခြေခံစားသောက်ကုန်များဖြစ်သော(ဆန်နှင့်ဆီ)ကိုကူညီထောက်ပံ့ပေးရန်ဖြစ်ပါသည်။ထိုသို့ထောက်ပံ့ပေးခြင်းဖြင့်အားနည်းသော မိသားစုများ၏ နေ့စဉ် အခြေခံစားသောက်ကုန်ဝယ်ယူခြင်းအတွက်ကုန်ကျမှုများအားတစ်ဖက်တစ်လမ်းမှနေ၍ ပံ့ပိုးပေးနိုင်ခဲ့ပါသည်။

## Vulnerable People Program was provided at Zone B relocation site on 29th January 2020





As a part of income restoration program activities, Vulnerable People Program was provided on 29th January 2020 at Zone B relocation site. The purpose of the provision is to provide monthly basic foodstuffs (rice and oil) for 54 family members from 23 households who were eligible as vulnerable households in accordance with the VPP criteria in March 2018. Such kind of monthly provision can be helpful to reduce the expenses for daily basic foodstuffs of households.

## ဇုန်(ဘီ)အပိုင်း(၃)မှအားနည်းသောအိမ်ထောင်စုများအား စတင်ထောက်ပံ့ခြင်းအစီအစဉ် (၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ၊ ၃၁ရက်)




၂၀၂၀ခုနှစ်၊ဇန်နဝါရီလ၊၃၁ရက်နေ့တွင်သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှဂျိုက်ကာကျွမ်းကျင်ပညာရှင်များအဖွဲ့၏နည်းပညာကူညီမှုဖြင့်ဇုန်ဘီအပိုင်း(၃)စီမံကိန်းကြောင့်ထိခိုက်ခံရသောအိမ်ထောင်စုများထဲမှအားနည်းသောအိမ်ထောင်စုများဟုသက် မှတ်ထားသည့်သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ ဦးဆောင်/နေထိုင်သည့်အိမ်ထောင်စုများနှင့်အမျိုးသမီးများဦးဆောင်သောအိမ်ထောင်စု၁၂စုတို့အားအခြေခံစားသောက်ကုန်များဖြစ်သောဆန်နှင့်ဆီကိုကျောက်တန်းမြို့နယ် အေးမြသီတာရပ်ကွက်၌ထောက်ပံ့ပေးခဲ့ပါသည်။

## Vulnerable People Program was started to provide for Zone B Phase 3 PAHs on 31st January 2020




With the technical assistance of JICA Expert Team (JET), TSMC has been provided rice and cooking oils to 12 vulnerable households of Thilawa SEZ Zone B phase 3 project affected households by targeting the elderly, woman-headed and people with disabilities at Aye Mya Thida ward, Kyauktan township on 31st January 2020.